# ၁၉၅၆ ခုနှစ်၊ ပြည့်တန်ဆာပပျောက်ရေး (ပြင်ဆင်ချက်) အက်ဥပဒေ။*

[၁၉၅၆ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၉။]
(၁၉၅၆ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်)

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို၊ ၁၉၅၆ ခုနှစ်၊ ပြည့်တန်ဆာပပျောက်ရေး (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်ရမည်။

၂။ ။ နောက်တွင် အဆိုပါအက်ဥပဒေဟုရည်ညွှန်းသည့် ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာပပျောက်ရေး အက်ဥပဒေပုဒ်မ ၁ ၏ ပုဒ်မခွဲ (၁) အစား၊ အောက်ပါကို ပုဒ်မခွဲ (၁) အဖြစ် ထည့်သွင်း ရမည်။

"(၁) ဤအက်ဥပဒေကို ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေဟု ခေါ်ရမည်။"

၃။ ။ အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၃ ၌လည်း၊ "ထောင်ဒဏ် တစ်နှစ်ထိဖြစ်စေ၊ ငွေဒဏ်နှင့်ထောင်ဒဏ်နှစ်ရပ်စလုံးဖြစ်စေ စီရင်နိုင်စေရမည်။" ဆိုသည့် စကားရပ်အစား "တစ်နှစ်အောက်မနည်းသုံးနှစ်ထက်မပိုသည့် ထောင်ဒဏ်စီရင်နိုင်စေရမည်။ ပြစ်ဒဏ်စီရင်ခြင်းခံရသူသည် မိန်းမဖြစ်လျှင်၊ ထိုမိန်းမကို သတ်မှတ်ထားသည့် ဌာန၌ တားဆီးထိန်းသိမ်းထားခြင်းအားဖြင့် ထောင်ဒဏ်ကျခံစေရမည်။" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၄။ ။ အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၅၊ ပုဒ်မခွဲ (၁) တွင် "၃ နှစ်ထိ ထောင်ဒဏ်စီရင်နိုင်စေရမည်။" ဆိုသည့် စကားရပ်အစား "တစ်နှစ်အောက်မနည်း သုံးနှစ်ထက်မပိုသည့် ထောင်ဒဏ်စီရင်နိုင်စေရမည်။" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

---

* မြန်မာနိုင်ငံ ပြန်တမ်း၊ အပိုင်း - ၁၊ ၁၉၅၆ ခုနှစ်၊ ဩဂုတ်လ (၄) ရက်၊ စာမျက်နှာ - ၁၂၅၁။

၅။ ။ အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၆ "ငွေဒဏ်နှင့်တကွ၊ အလုပ်ကြမ်းနှင့် သုံးနှစ်ထိ ထောင်ဒဏ်စီရင်နိုင်စေရမည်။" ဆိုသည့် စကားရပ်အစား၊ "အလုပ်ကြမ်းနှင့်တစ်နှစ်အောက်မနည်း၊ သုံးနှစ်အထက်မပိုသည့် ထောင်ဒဏ်စီရင်နိုင်စေရမည်။" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၆။ ။ အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (၂) တွင် "ရှာဖွေခြင်းခံရသူတို့အား" ဆိုသည့် စကားရပ်အစား၊ "ရှာဖွေခြင်းခံရသူတို့အပြင်၊ ပြည့်တန်ဆာအဖြစ် အသက်မွေးသူနှင့် ကာမစပ်ယှက်ရန်ရောက်ရှိနေသူတို့အား" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၇။ ။ အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၁၇ နောက်တွင်၊ အောက်ပါကို ပုဒ်မ ၁၇-က အဖြစ် ထည့်သွင်းရမည်။

"၁၇ - က။ ။ (၁) နိုင်ငံတော်သမ္မတသည်၊ ဤအက်ဥပဒေပါကိစ္စများအလို့ငှာ နည်းဥပဒေများပြုနိုင်သည်။

*နည်းဥပဒေပြုနိုင်သည့် အာဏာ။*

(၂) အထက်ဖော်ပြပါ အာဏာ၏ ယေဘုယျ သဘောကို မထိခိုက်စေဘဲ ထိုနည်းဥပဒေများ သည်၊ အထူး အားဖြင့် ပြည့်တန်ဆာအဖြစ် အသက်မွေးသူ၏ ဘဝသို့ ကျရောက်မည့် အန္တရာယ်မှ ကာကွယ်စောင့်ရှောက်ရန်ကိစ္စအတွက်လည်းကောင်း၊ ထိုဘဝသို့ ကျရောက်ပြီးသူများအား စောင့်ရှောက်ရန် ကိစ္စအတွက်လည်းကောင်း ပြဋ္ဌာန်းနိုင်သည်။"

❖ ❖ ❖ ❖ ❖